## အသေးစားစက်မှုလက်မှုလုပ်ငန်းမှတ်ပုံတင်လျှောက်ထားမှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ

၁။ အသေးစားစက်မှုလက်မှုလုပ်ငန်းဆိုသည်မှာ မိသားစုဝင်များဖြင့်သော်လည်းကောင်း၊ အလုပ်သမားငှားရမ်းအသုံးပြု၍ သော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း၊ ကုန်ပစ္စည်းထုတ်လုပ်သည့်(သို့မဟုတ်) ပြုပြင်မွမ်းမံသည့်မြင်းကောင်ရေ (၁.၂၅)နှင့်အထက် (၅)ကောင်အားနှင့်အောက် အသုံးပြုသည့်အလုပ်သမား(၉)ဦးထက်မပိုသော အိမ်တွင်းစက်မှုလုပ်ငန်းနှင့် အလုပ်သမား(၃)ဦးနှင့်အထက်ရှိသော အိမ်တွင်းစက်မှုလုပ်ငန်းများကိုဆိုသည်။

၂။ လျှောက်ထားသူကာယကံရှင်မှ ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန သို့ လျှောက်ထားရာတွင် ပါဝင်ရမည့်အချက်များမှာ အောက်ပါအတိုင်းဖြစ်ရမည်-

(က) လျှောက်လွှာပုံစံ(၁) (၃)စုံ၊ (ဤရုံးတွင်ဝယ်ယူရမည်။)

( ခ) လိုင်စင်ဓါတ်ပုံ(၅)ပုံ၊

( ဂ) နိုင်ငံသားစိစစ်ရေးကဒ်မိတ္တူ(၃)စောင်၊

(ဃ) လူသုံးကုန်၊ အလှကုန်နှင့် စားသောက်ကုန်လုပ်ငန်းအတွက် လျှောက်ထားခြင်းဖြစ်လျှင် ဓါတ်ခွဲစမ်းသပ်မှုရလဒ်များ၊ (ဤရုံးတွင်ဓါတု၊ အဏုဇီဝဓါတ်ခွဲစမ်းသပ်ပေးမည်ဖြစ်ပါသည်။

( င) တိုင်းရင်းဆေးဝါးဖြစ်ပါက သက်ဆိုင်ရာ တိုင်းရင်းဆေးပညာဦးစီးဌာနက ထုတ်ပေးသော လိုင်စင်နှင့်မှတ်ပုံတင်အမှတ်၊ (မိတ္တူ)

( စ) သစ်အခြေပြုအိမ်တွင်းစက်မှုလုပ်ငန်းတွင် အသုံးပြုသည့် ပြန်စိတ်စက်ငယ်လုပ်ငန်းနှင့် ပရိဘောဂလုပ်ငန်းများဖြစ်ပါက သစ်စက်နှင့် သစ်ဆိုင်များမှ ဝယ်ယူသော တရားဝင် သစ်ပြေစာများ၊ (ပြည်နယ်သစ်တောဦးစီးဌာန၏သဘောထားမှတ်ချက်)

၃။ ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ စိစစ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်လွှာပုံစံ(၁)တွင် ပြည့်စုံစွာရေးသွင်းခြင်းရှိ/မရှိနှင့် ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ ပြည့်စုံခြင်းရှိ/မရှိစိစစ်ရမည်။

(ခ) ပုံစံ(၁)ပါအချက်များနှင့် လက်တွေ့ဆောင်ရွက်ချက်များ ကိုက်ညီမှန်ကန်ခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့မှ သွားရောက်စစ်ဆေးရမည်။

(ဂ) ပြည်နယ်ဦးစီးမှူးက ကွင်းဆင်းစိစစ်ရေးအဖွဲ့အားဖွဲ့စည်းပေးရမည်။

(ဃ) ပုံစံ(၁)ပါအချက်များနှင့် လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြချက်များ ပြည့်စုံ မှန်ကန်ကြောင်း စိစစ်တွေ့ရှိပါက–

(၁) လက်ခံရှိသည့်ရက်စွဲနှင့်အမှတ်စဉ်များ ရေးသွင်းခြင်းနှင့် လက်မှတ် ရေးထိုးခြင်းတို့ ဆောင်ရွက်ပြီး မိတ္တူ(၁)စုံကို လျှောက်ထားသူအား ပြန်လည်ပေးအပ်ရမည်၊

(၂) လျှောက်လွှာမူရင်း(၁)စုံကို မိမိ(ကာယကံရှင်၏) သဘောထားမှတ်ချက် နှင့်အတူ ဦးစီးဌာနသို့ပေးပို့ရမည်၊ မိတ္တူ(၁)စုံကို လက်ခံအဖြစ် ထိန်းသိမ်းထားရှိရမည်။

၄။ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)မှ စိစစ်ဆောင်ရွက်ရမည့် လုပ်ငန်း စဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ဦးစီးဌာန(ရုံးချုပ်)သည် သက်ဆိုင်ရာ ပြည်နယ်အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ ပေးပို့သော လျှောက်လွှာများကိုထပ်မံစိစစ်ပြီး မှတ်ပုံတင် လုပ်ငန်းများ ကြီးကြပ် စစ်ဆေးရေးအဖွဲ့အစည်းအဝေးသို့တင်ပြရမည်။

(ခ) မှတ်ပုံတင်လုပ်ငန်းများကြီးကြပ်စစ်ဆေးရေးအဖွဲ့ အစည်းအဝေးမှ အောက်ပါ ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကိုချမှတ်နိုင်သည်–

(၁) မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊

(၂) မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန်ငြင်းပယ်ခြင်း၊

(၃) မှတ်ပုံတင်ခွင့်ပြုရန်ဆိုင်းငံ့ခြင်း၊

(ဂ) မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန်ဆုံးဖြတ်လျှင် သက်ဆိုင်ရာ ပြည်နယ်ဦးစီး ဌာနသို့ မှတ်ပုံတင်ကြေးပေးသွင်းရန် အကြောင်းကြားပါသည်။

(ဃ) မှတ်ပုံတင်လျှောက်ထားသူက မှတ်ပုံတင်ကြေးပေးသွင်းပြီးကြောင်း အထောက် အထားကို တင်ပြလျှင် မှတ်ပုံတင်လက်မှတ်ပုံစံ(၂)ကို ညွှန်ကြားရေးမှူးချုပ်က လက်မှတ်ရေးထိုးထုတ်ပေးရမည်။

(င) မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန်ငြင်းပယ်ကြောင်းဆုံးဖြတ်လျှင် သက်ဆိုင်ရာ ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသို့ အကြောင်းကြားရမည်။

၅။ ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)မှ ငွေပေးသွင်းခွင့်ပြုကြောင်း အကြောင်းကြားလာပါက ငွေပေးသွင်းနိုင်ရေးလုပ်ငန်းရှင်ထံ အကြောင်းကြား ရမည်။

(ခ) ငွေသွင်းချလံမူရင်းကို လုပ်ငန်းရှင်အားပေးပြီး မိတ္တူ(၁)စောင်ကို ရုံးချုပ်သို့ တင်ပြ၍ မိတ္တူ(၁)စောင်ကို ရုံးလက်ခံထားရှိရမည်။

(ဂ) အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)မှ ပေးပို့လာသော မှတ်ပုံတင် ကဒ်ပြား ပုံစံများ(၂)များ ရရှိလျှင် စနစ်တကျစာရင်းရေးသွင်း၍ လုပ်ငန်းရှင်ထံ ထုတ်ပေးပါသည်။

(ဃ) ရုံးချုပ်မှ မှတ်ပုံတင်ကဒ်ပြားထုတ်ပေးရန် ငြင်းပယ်ကြောင်း အကြောင်းကြား လာပါက လိုအပ်ချက်များကို ပြင်ဆင်ဖြည့်စွက်ခြင်းနှင့်ပြုပြင်ပြောင်းလဲခြင်းတို့ ဆောင်ရွက်၍ အသစ်ထပ်မံ လျှောက်ထားနိုင်ကြောင်း လုပ်ငန်းရှင်ထံသို့ အကြောင်းကြားရမည်။

(င) သက်တမ်းတိုးကာလမှာ(၂)နှစ်လျှင် (၁)ကြိမ်ဖြစ်ပါသည်။

(စ) မှတ်ပုံတင်ကဒ်ပြားသက်တမ်းသည် ထုတ်ပေးသည့် နေ့မှစတင်၍ (၂)နှစ်ဖြစ်ပါသည်။ သက်တမ်းလွန်ကာလအဖြစ် (၆)လ ခွင့်ပြုပါသည်။

(ဆ) မှတ်ပုံတင်သက်တမ်းမှာ (၂)နှစ်နှင့် (၆)လကျော်လျှင် မှတ်ပုံတင်ကဒ်ပြားသက်တမ်းပျက်ပြယ်မည်ဖြစ်ပါသည်။

၆။ ကြီးကြပ်မှုအပိုင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အသေးစားစက်မှုလက်မှုလုပ်ငန်း ဟုတ်/မဟုတ်နှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းသတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ/မရှိကို ဝင်ရောက်စစ်ဆေးနိုင်ပါသည်။

(ခ) အသေးစားစက်မှုလက်မှုလုပ်ငန်း မှတ်ပုံမတင်ရသေးသော မည်သည့်အသေးစားစက်မှုလက်မှု လုပ်ငန်းကိုမဆို မှတ်ပုံတင်ဆောင်ရွက်နိုင်ရေး စိစစ်ကြီးကြပ်ခြင်း၊

(ဂ) အသေးစား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်နှင့် သတ်မှတ်ချက်များညီ ညွတ်မှုရှိစေရန်အခါအားလျော်စွာလုပ်ငန်းများသို့ကွင်းဆင်းစစ်ဆေးကြီးကြပ်အကြံညာဏ်ပေးခြင်း၊

(ဃ) အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေအရမှတ်ပုံတင်ထားခြင်းမရှိဘဲ လုပ်ငန်းလုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ဒဏ်ငွေချမှတ်နိုင်သည်။

(င) သတ်မှတ်ချက်များနှင့်ကိုက်ညီမှုမရှိပါက မှတ်ပုံတင်ကဒ်ပြားအား ပြန်လည်သိမ်းဆည်းပြီး ပယ်ဖျက်စာရင်းသွင်းရမည်။